# ကျွန်ုပ်ယုံကြည်သည်
## အတွဲ (၁)



မေတ္တာ၊ ယုံကြည်မှု၊ ထာဝရအသက်နဲ့ဆိုင်တဲ့ သတင်းစကား

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။
ထို့နောက် သစ်ပင်များ၊ ပန်းများ၊ ငါးများ၊ ငှက်များ၊ တိရိစ္ဆာန်များနှင့်



လူသားကိုလည်းဖန်ဆင်းတော်မူ၏။ ဘုရားသခင်သည် အာဒံကိုဖန်ဆင်းပြီးလျှင် သူ၏ဇနီးဖြစ်သော ဧဝကိုလည်းဖန်ဆင်းတော်မူ၏။

**ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့်နံနက်သည် ဆဌမနေ့ရက်ဖြစ်လေ၏။ (ကမ္ဘာ၊ ၁း၃၁)**

အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီး ပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုး ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၄င်း၊ ထိုသခင်အဘို့ အလို့ငှါ၄င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ (ကောလောသဲ ၁း၁၆)

သင်အပါအဝင် လောကရှိလူတိုင်းသည် အာဒံနှင့် ဧဝ မှဆင်းသက်လာကြသည်။

**အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ (ဆာလံ၊ ၁၃၉း၁၄)**

ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့ကိုဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော်သည် ငါ့ကိုဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော်သည် ငါ့ကိုအသက်ရှည်တော်မူပြီ။ (ယောဘ၊၃၃း၄)

ဘုရားသခင်သည် သင့်အားအလွန်ချစ်တော်မူသည်။ သင့်အား မိမိနှင့် ကောင်းကင်နိုင်ငံတော်တွင် ထာဝရအတူရှိစေလိုသည်။ ကောင်းကင်နိုင်ငံသို့ သင်သွားနိုင်ပါသလား။ သမ္မာကျမ်းစာက ယခုကဲ့သို့ဖော်ပြပါသည်

**အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။ (ရောမ၊ ၃း၂၃)**




**ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (ရောမ၊၃း၁၀)**

**အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ် ခြင်းမရှိပါ။ ပြုဖူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့် တူကြပါ၏။ (ဟေရှာ၊၆၄း၆)**

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က ခမည်းတော်ဘုရားသခင်သည် သားတော် (ယေရှုခရစ်တော်)အား ကောင်းကင်နိုင်ငံတော်မှသည် ဤလောကသို့ လူ့ဇာတိခံဖွားမြင်ရန်စေလွှတ်ခဲ့ပါသည်။



ယေရှုသည် အပျိုကညာအားဖြင့် ဣသရေလတိုင်းပြည်တွင်ဖွားမြင်ခဲ့ပါသည်။ ယေရှုခရစ်တော်တည်းဟူသော ကယ်တင်ရှင် မေရိယဖွားမြင်မည့်အကြောင်းကို မဖွားမြင်မီ လူမြောက်များစွာထံ၌ ဘုရားသခင်ပြောကြားတော်မူခဲ့သည်။

**ယနေ့တွင်ဒါဝိဒ်၏ မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလိုငှါ ဘွားမြင်ခြင်းကိုခံတော်မူပြီ။ (လုကာ၊ ၂း၁၁)**

ဗျာဒိတ်တော်အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရလတံ့ ဟုလာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟုဆိုလိုသတည်း။ (မဿဲ၊ ၁း၂၃)

သခင်ယေရှုက များစွာသော နိမိတ်လက္ခဏာ များကို ပြုလုပ်ခဲ့ပါသည်။ မျက်စိကန်းသောသူများကိုမြင်စေခဲ့သည်။ ရေပေါ်တွင်လျှောက်လှမ်းခဲ့သည်။ မုန်တိုင်းကိုလည်း ငြိမ်းစေခဲ့သည်။ သေသောသူကိုပင်လျှင်ပြန်လည်၍အသက်ရှင်စေခဲ့ပါသည်။





**နာဇရက်မြို့သား ယေရှုသည် ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို သင်တို့တွင်ပြုရသောအခွင့်နှင့် ဘုရားသခင်ပေးတော်မူသော သက်သေကို ရသောသူဖြစ်၍ ... (တမန်၊၂း၂၂)**

**မျက်စိကန်း သောသူတို့သည် မျက်စိမြင်ရကြ၏။ ခြေမစွမ်းသောသူတို့သည် လှမ်းသွားရကြ၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့ ရောက်ရကြ၏။ နားပင်းသောသူတို့သည် နားကြားရကြ၏။ သေသောသူတို့သည် ထမြောက်ခြင်းသို့ ရောက်ရကြ၏။ (လုကာ ၇း၂၂)**

အရေးကြီးဆုံးအကြောင်းအရာမှာ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် သံမှိုဖြင့်ရိုက်ထားခြင်းကိုခံခဲ့သည်။ ထိုသို့ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် ရှိရခြင်းမှာ သင်အပါအဝင် လူသားများအားလုံးအတွက် ခမည်းတော်ဘုရား၏ တရားစီရင်တော်မူချက်ပင်ဖြစ်သည်။



**ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ (၁ပေ၊ ၂း၂၄)**

ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ (ရောမ၊၅း၈)

ခမည်းတော်ဘုရား၏တရားစီရင်တော်မူခြင်းပြီးသောအခါ အသက်ဝိညာဉ်ကင်းမဲ့လျှက်ရှိသော ခန္ဓာကိုယ်အား လက်ဝါးကပ်တိုင်ထက်မှ ဖယ်ရှားယူဆောင်ပြီး သင်္ချိုင်းတွင်းအထဲတွင်ချထားလေ၏။



**သုံးရက်ကြာပြီးနောက်တွင် ယေရှုသည် သင်္ချိုင်းတွင်းမှ အသက်ရှင်လျှက်နှင့် ထွက်လာခဲ့ပါသည်။**



**ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့်
အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း
သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ (၁ကော၊၁၅း၃–၄)**

ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း
အကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။
(ယော၊ ၁၁း၂၅)

ယေရှုက သင့်အပြစ်များအားလုံးကို ယူဆောင်သွားပြီး သင့်ကိုယ်စား
တရားစီရင်ခြင်းခံပေးခဲ့ကြောင်းသင်ယုံကြည်ပါသလား။
ယေရှု သင့်အတွက်အသေခံပြီး သေခြင်းမှရှင်ပြန်ထမြောက်ကြောင်းကို
သင်ယုံကြည်ပါသလား။ ယေရှု သင့်အတွက်အသေခံပေးကြောင်း၊
သေခြင်းမှထမြောက်တော်မူကြောင်းတို့ကို သင်ယုံကြည်လျှင် ဘုရားသခင်နှင့်
အတူ ထာဝရကာလ အသက်ရှင်ရမည်ဖြစ်ကြောင်း ဘုရားသခင်၏စကားတော်ကို
သမ္မာကျမ်းစာတွင် တွေ့ရပါသည်။ ထာဝရ အသက်ရှင်မည်ဖြစ်သည်။




ယေရှုကၢငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။
ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ (ယော၊ ၁၄း၆)

ယေရှုသည် သေပြီးမှ တဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံကြည်လျှင်၊
ထိုနည်းတူ ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း၊ ထိုသခင်နှင့်အတူ
ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည်။ (၁သက်၊၄း၁၄)

သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်
သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု
ပြောဆိုလျက်၊ ထိုသူတို့မှစ၍ သူ၏အိမ်၌ရှိသမျှသောသူတို့အား
သခင်ဘုရား၏ နှုတ်ကပတ်တရားတော်ကို ဟောကြ၏။
(တမန်၊ ၁၆း၃၁–၃၂)